

ဟိန်းလတ်

# ပိုမိုကောင်းမွန်သော ဘဝနေနည်း

ပိုမိုကောင်းမွန်သော ဘဝရောက်ရန်၊
စာအုပ်တွင် စည်းမျဉ်း (၁၇) ခုပေးထားပြီး လက်တွေ့လုပ်ကြည့်ပါ။
ချက်ချင်းတကယ်အကျိုးရှိမည်ကို တွေ့ရမည်။

*A Better Way to Live*

OG MANDINO

# စာရေးသူ၏ အမှာ စာ

"ပိုမိုကောင်းမွန်သောဘဝနေနည်း (A Better Way To Live) စာ အု ပ် သ ည် ကမ္ဘာကျော်စာရေးဆရာ "အော့ဂ်မန်ဒီနို" ၏ အရောင်းရဆုံး စာအုပ်များ ထမှ တစ်အုပ်ဖြစ်သည် ။ "အော့ဂ်မန်ဒီနို" ၏ စာအုပ် (၁၄) အုပ်ထဲမှ ကျွန်တော်မြန်မာပြန်သော တတိယမြောက်စာအုပ်လည်း ဖြစ်၏ ။ ပထမဆုံးစာအုပ်မှာ ၂၀၁၁ ခုနှစ်လက ထုတ်ဝေခဲ့သော "ကမ္ဘာ့ထိပ်တန်းဈေးသည် ကြီး" "(The Greatest Salesman In The World) စာအုပ်ဖြစ်ပြီး ဒုတိယစာအုပ်မှာ ၂၀၁၂ အောက်တိုဘာလက ထုတ်ဝေသော "ဒသပုရပိုက် (သို့မဟုတ်) အောင်မြင်မှုသစ္စာ (၁၀) ပါး" (The Greatest Salesman In The World ; Part II) စာအုပ် ဖြစ်၏ ။ ဤစာအုပ်သုံးအုပ်လုံးကို ဦးမြင့်စိုး (စိုးစံစာပေ) မှ တာဝန်ခံထုတ်ဝေခဲ့ခြင်း ဖြစ်၏ ။ မူရင်းစာရေးဆရာ "အော့ဂ်မန်ဒီနို" သည် စာအုပ် (၁၄) အုပ် ရေးသားထုတ်ဝေခဲ့ပြီး ဘာသာပေါင်း (၂၂)ဘာသာဖြင့် ပြန်ဆိုခြင်းခံရကာ အုပ်ရေသန်း(၄၀)ကျော် ရောင်းခဲ့ရသော "ရောင်းအကောင်းဆုံး စာရေးဆရာ" ဖြစ်သည် ။ **ဤစာအုပ်သည် "ပိုမိုကောင်းမွန်သောဘဝ" ရောက်ရှိမည့် စည်းမျဉ်း(၁၇)ခုပေးအပ်ကာ ကိုယ်တိုင်တကယ်လုပ်ကြည့် ချက်ချင်းပင် တကယ်အကျိုးရှိမည့်နည်းများ ဖြစ်သည် ။** ဤစာအုပ်သည် ဖတ်ရုံဖတ်ရမည့်စာအုပ် မဟုတ်၊ ဖတ်ကြည့်ပြီးလက်တွေ့ အကောင်အထည်ဖော်ကာ

ပိုမိုကောင်းမွန်သာလွန်မည့် ဘဝသစ်သို့ ရောက်ရမည်ဟု အာမခံထားသော နည်းများ ဖြစ်၍ ယခုထက်၊ ယနေ့ထက် ပိုမိုအလွန်ကောင်းမွန် သောဘဝကို ရောက်လိုသူတိုင်း အားကိုးအားထားပြုကြရမည့် "လက်တွေ့ကျင့်စဉ်" စာအုပ်ဖြစ်ပါ သည် ။

ယခုစာအုပ်ဖတ်သူတိုင်း ပိုမိုကောင်းမွန်သာလွန်သည့်ဘဝများကို ရောက်ကြမည်ဟု လုံးဝ ဥဿုံ ယုံကြည်မိပါကြောင်း ...။

**ဟိန်းလတ်**

* * *